

## မူရင်းစာရေးဆရာအကြောင်း

ရှာရီမှာ့ခ်ဆင်ဟာ ဩစတြေးလျန်းသတင်းစာရဲ့ စုံစမ်းထောက်လှမ်းရေး သတင်းထောက်ဖြစ်ပြီး စကိုင်းသတင်းဌာနရဲ့ ရှာရီအစီအစဉ်မှာ တင်ဆက်သူတစ်ဦးဖြစ်ပါတယ်။ သူမက နှစ်ထပ်ကွမ်း ဝေါ့ကီဆုရှင်ဖြစ်ပြီး ၂၀၁၈ မှာ ဆာကိသ်မားဒွေါ်ချ်ရဲ့ သတင်းထောက်ပညာဆုကိုလည်း ရရှိခဲ့ပါတယ်။ ၂၀၂၀ ခုနှစ် စုံစမ်းထောက်လှမ်းရေးသတင်းပညာရပ်ဆုကို ရရှိခဲ့သလို ကနေဒီဆု လေးဆုဖြစ်တဲ့ တစ်နှစ်တာအတွက် အကောင်းဆုံး သတင်းသမားဆု၊ တစ်နှစ်တာ နိုင်ငံရေးသတင်းထောက်ဆု၊ တစ်နှစ်တာ အကောင်းဆုံး ဆောင်းပါးရေးသားသူဆုနဲ့ တစ်နှစ်တာ သတင်းဦးရေးသားသူဆုကို ရရှိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ Press Gallery Political Journalist of the Year ဆုကိုလည်း ပူးတွဲရရှိခဲ့ပါတယ်။ ရှာကီဟာ ဒေးလီးတယ်လီဂရပ်သတင်းစာရဲ့ နိုင်ငံရေးသတင်းအယ်ဒီတာ၊ ဩစတြေးလျန်းသတင်းစာရဲ့ မီဒီယာအယ်ဒီတာ၊ CLEO မဂ္ဂဇင်းရဲ့ အယ်ဒီတာ၊ ဆဲဗန်းသတင်းဌာနရဲ့ သတင်းအယ်ဒီတာ၊ ဆန်းဒေးတယ်လီဂရပ်ရဲ့ နိုင်ငံရေးသတင်းထောက်နဲ့ ဝန်ထမ်းအကြီးအကဲတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။

## ဘာသာပြန်သူ အမှာစာ

'ဝူဟန်မှာ အမှန်တကယ် ဘာတွေဖြစ်ခဲ့လဲဆို'တဲ့ စာအုပ် ထွက်ရှိလာတဲ့ အချိန်က ၂၀၂၁ ဩဂုတ်လ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ကိုဗစ် တတိယလှိုင်းကို အလူးအလဲခံစားခဲ့ရတဲ့အချိန်ပတ်ဝန်းကျင်မှာပါ။

မူရင်းစာရေးသူ ရှာရီမှာ့ခ်ဆင် က ဩစတြေးလျနိုင်ငံသား မီဒီယာ သတင်းထောက်တစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံကို ၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက်ကနေ စတင်ဝင်ရောက်ခဲ့တဲ့ ကိုဗစ် ၁၉ ဟာ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယ လှိုင်းနဲ့ နောက်ဆုံး စတုတ္ထလှိုင်း အိုမီခရွန်အပြီးမှာတော့ ငြိမ်သက်စပြု နေပါပြီ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကို တရားဝင်ပေးပို့တဲ့ အချက်အလက် တွေအရ မြန်မာနိုင်ငံမှာ ကိုဗစ် ၁၉ ကြောင့် သေဆုံးခဲ့ရသူပေါင်း လက်ရှိ အချိန်အထိ ၁၉၀,၀၀၀ ကျော် ရှိပါတယ်။ ဒါက တရားဝင် ကိန်းဂဏန်း တစ်ခုသာဖြစ်လို့ အမှန်တကယ် သေဆုံးသူစုစုပေါင်းဟာ ဒီကိန်းဂဏန်း ထက် အများကြီး ပိုများနိုင်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံး သေဆုံးသူစုစုပေါင်းကတော့ ၆.၁၉ သန်း ရှိတယ်လို့ သိရပါတယ်။

သေဆုံးသူတွေအပြင် ကိုဗစ် ၁၉ ရိုက်ခတ်မှုကြောင့် စီးပွားရေးပျက်စီး ဆုံးရှုံးသွားသူတွေလည်း အများအပြားပါ။

ဒီလောက်ပြင်းထန် ဆိုးရွားတဲ့ ဗိုင်းရပ်စ်က ဘယ်လိုဖြစ်ပေါ်လာတာလဲ၊ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို တစ်ကမ္ဘာလုံးက ပြည်သူတွေ စိတ်ဝင်စား ကြမှာပါ။

ဒီစာအုပ်မှာ မူရင်းစာရေးသူ ရှာရီမှာ့ခ်ဆင်က ဒီမေးခွန်းရဲ့ အဖြေကို ဖြေဆိုနိုင်ဖို့ အားထုတ်ထားပါတယ်။ မူရင်းစာရေးသူက investigative journalist စုံစမ်းထောက်လှမ်းရေး သတင်းထောက်ပီပီ သူ့ရဲ့ သတင်း ထောက်ပညာရပ်ကို အသုံးပြုပြီး ဘက်ပေါင်းစုံကနေ တင်ပြထားပါတယ်။



စုံစမ်းထောက်လှမ်းရေး သတင်းထောက်ပညာကို လေ့လာနေသူတွေ အတွက်လည်း ဒီစာအုပ်က သင်ယူစရာ စာအုပ်ကောင်းတစ်အုပ် ဖြစ်မှာပါ။ ကိုယ်တင်ပြချင်တဲ့ ပြဿနာတစ်ခုအတွက် အချက်အလက် ဘယ်လို စုဆောင်း တယ်၊ သုတေသန ဘယ်လိုလုပ်တယ်၊ ပြဿနာကို ဘယ်လို တည်ဆောက် တယ်၊ မတူတဲ့အမြင်တွေကို ဘယ်လိုရှာဖွေဖော်ပြတယ် အစရှိတဲ့ ပညာရပ် တွေကို ဒီစာအုပ်ကနေ လေ့လာနိုင်ပါတယ်။

ဒီစာအုပ်မှာ ဆေးပညာနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို မူရင်း စာရေးသူက သာမန် စာဖတ်သူတွေ နားလည်နိုင်အောင် အတတ်နိုင်ဆုံး အားထုတ်ထားပေမဲ့ ဒီစကားလုံးတွေကို မြန်မာဘာသာ ပြန်ဆိုတဲ့အခါမှာ အခက်အခဲ တော်တော်တွေ့ခဲ့ပါတယ်။ ဒါကြောင့် တချို့စကားလုံးတွေကို မူရင်းအင်္ဂလိပ်စာလုံးအတိုင်းထားရှိပြီး ရှင်းလင်းချက် ထည့်သွင်းထားပါ တယ်။ ဒီလိုရှင်းလင်းချက်ထည့်သွင်းဖို့ အကူအညီပေးပြီး ဆေးပညာစကား လုံးတွေကို ရှင်းပြပေးခဲ့တဲ့ ဆရာ ဒေါက်တာ တင်မောင်ထွေး (ဒေါက်ထွေး– ဆေးမန်း)ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ဒီစာအုပ်မှာ စူပါ ပါဝါနိုင်ငံကြီးတစ်ခုဖြစ်ပြီး ဗိုင်းရပ်စ် အစပြုဖြစ်ပွားရာ နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ သဘောသဘာဝတွေ၊ တရုတ်နိုင်ငံရဲ့ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ဖို့ အားထုတ်မှုတွေ၊ ကိုဗစ် ၁၉ ဗိုင်းရပ်စ်အပေါ် အခွင့်အရေး ယူခဲ့ပုံတွေကိုပါ မူရင်းရေးသားသူက စုံစမ်းထောက်လှမ်းပြီး ရေးသားထားပါ တယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်း အင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ အကြောင်း အတွင်းကျကျ သိလိုသူ အစိုးရအဖွဲ့ဝင်တွေ၊ မူဝါဒချမှတ်သူ တွေ ဖတ်သင့်တဲ့ အကြောင်းအရာတွေ အများကြီးပါဝင်ပါတယ်။

မူရင်းစာရေးသူက တရုတ်နိုင်ငံရဲ့ ဒီဗိုင်းရပ်စ်အပေါ် ကိုင်တွယ်ပုံဟာ ကမ္ဘာကြီးကို ထိန်းချုပ်တဲ့ ပုံစံအသစ် ဖြစ်လာပြီလားလို့တောင် သတိပေး ထားပါတယ်။

အမေရိကန်နိုင်ငံတွင်းက နိုင်ငံရေးသမားတွေ၊ ထောက်လှမ်းရေး အသိုင်းအဝိုင်းက လူတွေနဲ့၊ ထိပ်သီး သိပ္ပံပညာရှင်တွေရဲ့ ကိုယ်ကျိုးစီးပွား ပွတ်တိုက်မှုတွေကိုလည်း ဒီစာအုပ်မှာ ဖော်ပြထားပါတယ်။ အိမ်ဖြူတော် အတွင်း ကိုဗစ် ၁၉ အပေါ် နိုင်ငံရေးအသုံးချမှုအဖြစ် အပြိုင်အဆိုင်ကြိုးစား ခဲ့ကြတဲ့ အကြောင်းအရာတွေပါ ပါဝင်ပါတယ်။

နောက်ဆုံးအချုပ်မှာတော့ ကမ္ဘာကြီးကို အကြီးအကျယ် ခြိမ်းခြောက် ခဲ့တဲ့ ကိုဗစ် ၁၉ ရဲ့ မူလဇာစ်မြစ်ကို တိတိကျကျ စုံစမ်းစစ်ဆေးမှု မလုပ်နိုင်



ခဲ့တဲ့ အကြောင်းအရာတွေကို သုံးသပ်ဖော်ပြထားပြီး ဒီလိုအဖြစ်အပျက်တွေ ကြောင့် နောင်အနာဂတ်ကပ်ရောဂါတွေကို ကမ္ဘာကြီးက ကာကွယ်ဖို့ အဆင် သင့် ဖြစ်နေပြီလား၊ ချည့်နဲ့သွားပြီလားလို့ မူရင်းစာရေးသူက မေးခွန်းထုတ် ထားပါတယ်။

ကိုဗစ် ၁၉ ဘယ်လို ဖြစ်ပေါ်လာသလဲဆိုတဲ့ မေးခွန်းအတွက်ကိုတော့ မူရင်းစာရေးသူက သိပ္ပံပညာရှင်တွေရဲ့ ပြောကြားချက်တွေ၊ သိပ္ပံစာတမ်း တွေကို သုတေသနပြု ညွှန်းဆိုပြီး ဒါဟာ ဓာတ်ခွဲခန်းပေါက်ကြားမှုကသာ ဖြစ်လာနိုင်တယ်လို့ ကောက်ချက်ချထားပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့ လျှို့ဝှက်ဇီဝလက်နက် အစီအစဉ်တွေရဲ့ အန္တရာယ်ကြီးမားပုံတွေနဲ့ ဝူဟန် ဗိုင်းရပ်စ် အင်စတီကျူရဲ့ ဆက်သွယ်ချက်တွေကို အတွင်းကျကျ ဖော်ထုတ် ရေးသားထားပါတယ်။

ဒီစာအုပ်ကို ဘာသာပြန်ရေးသားခြင်းဖြင့် ကိုဗစ် ၁၉ ကြောင့် သေဆုံး ခဲ့ရသူတွေရဲ့ ကျန်ရစ်သူ မိသားစုဝင်တွေနဲ့ စီးပွားရေး ပျက်စီး ဆုံးရှုံးသူ တွေကို သူတို့ ရင်ဆိုင်ခဲ့ရတဲ့ ဗိုင်းရပ်စ်အကြောင်း တစ်ခုခု ပြောပြပေးနိုင်မယ် လို့ ဘာသာပြန်သူ ကျွန်တော် မျှော်လင့်မိပါတယ်။

ဆုံးရှုံးသွားတဲ့ မိသားစုဝင်တွေ အားလုံးအတွက် အဖြေတစ်ခုခုကို ဒီစာအုပ်က ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီစာအုပ်ကတစ်ဆင့် ကိုဗစ် ၁၉ ရဲ့ အန္တရာယ်အပါအဝင် နောင် အနာဂတ် ကပ်ရောဂါတွေအတွက်လည်း ပြင်ဆင်ထားရမယ့် အရာတွေ၊ ဖြေရှင်းရမယ့် ပြဿနာတွေအပေါ် တာဝန်ရှိသူများဘက်ကလည်း ကြိုတင် ပြင်ဆင်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။

ကိုဗစ် ၁၉ ရဲ့ အမှန်တရားကို ထုတ်ဖော်ပြောကြားဖို့ ကြိုးစားခဲ့သူ အားလုံး၊ ပညာရှင်သိက္ခာ စောင့်ထိန်းပြီး အမှန်တရားကို ထုတ်ဖော် ပြောခဲ့ ကြတဲ့ သိပ္ပံပညာရှင်အားလုံး၊ ကိုဗစ် ၁၉ ကပ်ရောဂါအတွင်း စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံး၊ ကပ်ရောဂါအတွင်း အချင်းချင်း ရိုင်းပင်းကူညီခဲ့ကြတဲ့ ပြည်သူအားလုံးကို ဒီစာအုပ်က တစ်ဆင့် ဦးညွှတ် အလေးပြုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး အခုလို ကပ်ရောဂါဆိုးကနေ ကင်းဝေးပြီး သာယာပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ပါစေကြောင်း ဆုတောင်းလိုက်ရပါတယ်။

■